# Second Sunday of Easter

## 1st READING: *Acts 2:42-47*

တမန်တော်ဝတ္ထု ၂း ၄၂–၄၇

ထိုသူတို့သည်တမန်တော်တို့၏ဆုံးမသွန်သင်ခြင်း၊မိတ်သဟာယဖွဲ့ခြင်း၊မုန့်ဖဲ့ခြင်းနှင့်ဆုတောင်းပတ္ထနာပြုခြင်းတို့ကိုမြဲမြံစွာလိုက်နာကျင့်ကြံနေထိုင်ကြ၏ ။တမန်တော်တို့သည်များစွာသောအံ့ဖွယ်တန်ခိုးများနှင့်နိမိတ်လက္ခဏာများကိုပြကြသဖြင့်လူအပေါင်းတို့သည်အံ့သြကြောက်ရွံ့ကြကုန်၏ ။ယုံကြည်သူအပေါင်းတို့သည်လည်းတစ်စုတစ်ဝေးတည်းနေထိုင်ကြ၍၊မိမိတို့ပိုင်ဆိုင်သမျှအားလုံးကိုအများပိုင်အဖြစ်အသုံးပြုကြ၏ ။သူတို့သည်မိမိတို့ပိုင်ဆိုင်သောဥစ္စာပစ္စည်းများကိုရောင်းချ၍ရရှိသောငွေကိုလူတစ်ဦးစီ၏လိုအပ်ချက်နှင့်အညီအားလုံးကိုဝေငှပေးကြ၏ ။သူတို့သည်နေ့စဉ်နေ့တိုင်ဗိမာန်တော်သို့အတူတကွတက်ရောက်ကြပြီး၊မိမိတို့နေအိမ်များတွင်မုန့်ဖဲ့ခြင်းအမှုကိုပြုကြလျက်ဝမ်းမြောက်ပျော်ရွှင်ရက်ရောသောစိတ်နှင့်အာဟာရကိုကျွေးမွေးစားသောက်ကြ၏ ။သူတို့သည်ဘုရားသခင်ကိုချီးမွမ်းကြရင်းလူအပေါင်းတို့ရှေ့မှာလည်းမျက်နှာရကြ၏ ။သခင်ဘုရားသည်ကယ်တင်ခြင်းခံရသောသူတို့၏အရေအတွက်ကိုနေ့စဉ်မပြတ်တိုးပွားစေတော်မူ၏ ။

**Responsorial Psalm  Psalm  118:2-4, 13-15, 22-24**

ဆာလံကျမ်း   ၁၁၈း ၂–၄၊ ၁၃–၁၅၊ ၂၂–၂၄

**၂–၄၊** ကိုယ်တော်၏ကရုဏာမေတ္တာတာ်သည်အစဉ်ထာဝရတည်တော်မူကြောင်းအစ္စရေးလ်လူမျိုးတို့ဝန်ခံကြစေ။ကိုယ်တော်၏ကရုဏာမေတ္တာတော်သည်အစဉ်ထာဝရတည်တော်မူကြောင်း၊အာရုန်၏အမျိုးအနွယ်တို့ဝန်ခံကြစေ။ကိုယ်တော်၏ကရုဏာမေတ္တာတော်သည်အစဉ်ထာဝရတည်တော်မူကြောင်းဘုရားသခင်ကိုကြောက်ရွံ့ရိုသေသူတို့ဝန်ခံကြစေ။

**၁၃–၁၅၊**ငါသည်ပြင်းထန်စွာတိုက်ခိုက်ခြင်းခံရသောကြောင့်အရေးနိမ့်လျက်ရှိသောအခါထာဝရဘုရားသည်ငါ့ကိုကူညီစောင့်ရှောက်တော်မူ၏။ ထာဝရဘုရားသည်ငါ၏ခွန်အားနှင့် ငါသီဆိုရာ သီချင်းဖြစ်တော်မူ၏။ကိုယ်တော်သည်ငါ၏ကယ်တင်ခြင်းဖြစ်တော်မူ၏။အောင်ပွဲခံရသောကြောင့်ဖြောင့်မတ်သောသူတို့၏တဲများ၌ဝမ်းမြောက်ဝမ်းသာသီဆိုကြသောသီချင်းသံများကိုနားထောင်ကြလော့။ ထာဝရဘုရား၏လက်ယာလက်တော်သည်ရဲဝံ့စွာပြုတော်မူပြီ။

**၂၂–၂၄၊** တိုက်ကိုဆောက်သောသူတို့စွန့်ပစ်ထားသောကျောက်သည်ထောင့်ချုပ်ကျောက်ဖြစ်လာ၏။ ဤသည်ကား၊ ထာဝရဘုရားပြုတော်မူသောအမှုအရာဖြစ်၏။ ငါတို့မျက်စိထဲတွင်မူကား၊ အံ့သြဖွယ်ကောင်းလှပေ၏။ဤနေ့သည်ကား၊ထာဝရဘုရားစီရင်တော်မူသောနေ့ရက်ဖြစ်၏။ငါတို့သည်ဝမ်းမြောက်ရွှင်လန်းစွာကျင်းပကြကုန်စို့။

## 2nd READING: 1 Peter 1:3-9

ရှင်ပေတရုသြဝါဒစာပထမစာစောင် **၁း ၃–၉**

ငါတို့သခင်ခရစ်တော်ယေရှုသခင်၏ခမည်းတော်ဘုရားအားကိုယ်တော်၏မဟာကရုဏာတော်အတွက် ချီးမွမ်းထောပနာပြုကြကုန်စို့။ ကိုယ်တော်သည်ခရစ်တော်ယေရှုသခင်အားသေခြင်းမှရှင်ပြန်ထမြောက်စေခြင်းဖြင့်ငါတို့အားဘဝသစ်နှင့်ရှင်သန်သည့်မျှော်လင့်ခြင်းကိုပေးတော်မူ၏။ဘုရားသခင်သည်သင်တို့အဖို့ပျက်စီးယိုယွင်းပျောက်ကွယ်ခြင်းမရှိသောအမွေတော်ကိုကောင်းကင်ဘုံတွင်လျာထားတော်မူ၏။အကြောင်းမှာဘုရားသခင်၏စွမ်းအားတန်ခိုးတော်သည်အဆုံးစွန်သောကာလ၌ကယ်တင်တော်မူခြင်းကျေးဇူးတော်ကိုထင်ရှားစေသည့်တိုင်အောင်သင်တို့ကိုယုံကြည်ခြင်းအားဖြင့်ထိန်းသိမ်းထားတော်မူသည်။ သင်တို့သည်ခေတ္တကာလမျှစုံစမ်းနှောင့်ယှက်ခြင်းများခံရသော်လည်းရွှင်လန်းဝမ်းမြောက်စရာအကြောင်းရှိပေသည်။ရွှေစစ်၊မစစ်ကိုမီးတွင်စမ်းသပ်ရသကဲ့သို့သင်တို့၏ယုံကြည်ခြင်းသည်လည်းစမ်းသပ်ခြင်းခံရလိမ့်မည်။ရွှေသည်ပျောက်ပျက်သွားနိုင်၏သင်တို့၏ယုံကြည်ခြင်းမူကားပိုမိုအဖိုးထိုက်တန်သဖြင့်သင်တို့သည် ခရစ်တော်ကြွလာတော်မူမည့်နောက်ဆုံးအချိန်ကာလ၌ဂုဏ်ပြုချီးကျူးခြင်းနှင့်ဘုန်းဂုဏ်တော်ကိုခံယူနိုင်ကြပေလိမ့်မည်။သင်တို့သည်ခရစ်တော်ကိုမမြင်ဖူးကြသေးသော်လည်းသူ့ကိုချစ်မြတ်နိုးကြ၏။ယခုကိုယ်တော်ကိုသင်တို့မတွေ့မမြင်ရကြသော်လည်းယုံကြည်ကြ၏။သို့ဖြစ်၍သင်တို့သည်နှုတ်ဖြင့်မဖော်ပြနိုင်သောရွှင်လန်းဝမ်းမြောက်ခြင်းကိုခံစားရကြ၏။ အဘယ်ကြောင့်ဆိုသော်သင်တို့ယုံကြည်ခြင်း၏ဦးတည်ချက်ဖြစ်သည့်ခရစ်တော်၌ယုံကြည်ကြခြင်း၏ရလဒ်ဖြစ်သည်။ဝိညာဉ်ကယ်တင်ခြင်းဆုကျေးဇူးကိုသင်တို့ရရှိကြသောကြောင့်ဖြစ်၏။

**GOSPEL:** ***John 20:19-31***

ရှင်ယောဟန်ဧဝံဂေလိကျမ်း ၂၀း၁၉–၃၁

ရက်သတ္တပတ်၏ပထမနေ့၊ညနေအချိန်ရောက်သောအခါတပည့်တော်တို့သည်ဂျူးလူမျိုးတို့ကိုကြောက်သောကြောင့်မိမိတို့စုဝေးကြသောနေရာတွင်တံခါးများကိုပိတ်ထားလျက်နေကြ၏။ ထိုအချိန်၌သခင်ယေရှုသည်ကြွလာတော်မူ၍သူတို့အလယ်မှာရပ်တော်မူလျှက်သင်တို့၌ငြိမ်းချမ်းသာယာခြင်းရှိပါစေဟုသူတို့အားမိန့်တော်မူ၏။ဤသို့မိန့်တော်မူပြီးနောက်ကိုယ်တော်သည်သူတို့အားမိမိလက်တော်များနှင့်နံဘေးတော်ကိုပြတော်မူ၏။တပည့်တော်တို့သည်လည်းသခင်ဘုရားကိုဖူးမြင်ရသဖြင့်ဝမ်းမြောက်ကြလေ၏။ တဖန်ကိုယ်တော်ကသင်တို့၌ငြိမ်းချမ်းသာယာခြင်းရှိစေသတည်း။ ခမည်းတော်သည်ငါ့ကိုစေလွှတ်သကဲ့သို့ငါသည်လည်းသင်တို့ကိုစေလွှတ်၏ဟုမိန့်တော်မူ၏။ထို့နောက်ကိုယ်တော်သည်သူတို့အပေါ်သို့မှုတ်တော်မူလျှက်သန့်ရှင်းသောဝိညာဉ်တော်မြတ်ကိုခံယူကြလော့။အကြင်သူ၏အပြစ်များကိုသင်တို့ခွင့်လွှတ်လျှင်ထိုအပြစ်များသည်ခွင့်လွှတ်ခြင်းခံရလိမ့်မည်။ အကြင်သူ၏အပြစ်များကို သင်တို့တည်စေလျှင်ထိုအပြစ်များသည်တည်လျှက်ရှိ၏ဟုသူတို့အားမိန့်တော်မူ၏။တပည့်တော်ကြီးတစ်ဆယ့်နှစ်ပါးတွင်တစ်ပါးအပါအဝင်ဖြစ်သည့်ဒီးဒီမုခေါ်သောသောမတ်မူကားယေရှုကြွလာတော်မူသောအချိန်တွင်တပည့်တော်တို့နှင့်အတူမရှိချေ။အခြားသောတပည့်တော်တို့ကလည်းငါတို့သည်သခင်ဘုရားကိုဖူးမြင်ရပြီဟုသူ့အားဆိုကြ၏။သို့သော်သောမတ်ကကိုယ်တော်၏လက်တော်၌သံရိုက်ရာချက်ကိုငါမမြင်ရလျှင်၊သံရိုက်ရာချက်ထဲသို့ငါ၏လက်ညှိုးကိုမသွင်းရလျှင်၊ကိုယ်တော်၏နံဘေးတော်ကိုငါ၏လက်ဖြင့်မစမ်းသပ်ရလျှင်ငါယုံကြည်လိမ့်မည်မဟုတ်ဟုသူတို့အားဆို၏။ရှစ်ရက်မြောက်သောနေ့၌တပည့်တော်တို့သည်အိမ်အတွင်း၌တဖန်စုဝေးလျက်ရှိကြစဉ်သောမတ်သည်လည်းသူတို့နှင့်အတူရှိ၏။တံခါးများပိတ်ထားလျှက်ရှိသော်လည်းသခင်ယေရှုသည်ကြွလာတော်မူ၍သူတို့အလယ်မှာရပ်တော်မူလျက်သင်တို့၌ငြိမ်းချမ်းသာယာခြင်းရှိပါစေဟုသူတို့အားမိန့်တော်မူ၏။ထို့နောက်ကိုယ်တော်သည်သောမတ်အားသင်၏လက်ညှိုးကိုဤနေရာ၌သွင်း၍ငါ၏လက်များကိုကြည့်လော့။သင်၏လက်ကိုလည်းဆန့်တန်း၍ငါ၏နံဘေးတော်ကိုစမ်းသပ်လော့။ယုံမှားသံသယမဖြစ်လေနှင့်၊ယုံကြည်လော့ဟုမိန့်တော်မူ၏။သောမတ်ကလည်းကျွန်ုပ်၏သခင်၊ကျွန်ုပ်၏ဘုရားဟုကိုယ်တော်အားပြန်လည်လျှောက်ထား၏။သခင်ယေရှုကသင်သည်ငါ့ကိုမြင်သောကြောင့်ယုံကြည်သလော၊ငါ့ကိုမမြင်ရသော်လည်းယုံကြည်သောသူတို့သည်မင်္ဂလာရှိကြ၏ဟုမိန့်တော်မူ၏။ဤကျမ်းစာ၌မှတ်တမ်းတင်မထားသည့်များစွာသောအခြားတန်ခိုးလက္ခဏာတို့ကိုလည်းသခင်ယေရှုသည်တပည့်တော်တို့ရှေ့မှောက်တွင်ပြတော်မူ၏။သို့သော်သခင်ယေရှုသည်ဘုရားသခင်၏သားတော်မက်ဆိယသခင်ဖြစ်သည်ကိုသင်တို့ယုံကြည်ကြမည့်အကြောင်းနှင့်ထိုသို့ယုံကြည်ခြင်းဖြင့်ကိုယ်တော်၏နာမတော်၌သင်တို့သည်အသက်ကိုရကြမည့်အကြောင်းတို့ကြောင့်ဤအရာများကိုရေးသားမှတ်တမ်းတင်ထားခြင်းဖြစ်၏။